ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကွန်လုံကျေးရွာ

တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း



ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈– ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွန်လုံကျေးရွာ ၊ တောင်ကြီးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကူညီရေးဆွဲသည်)

မာတိကာ

မာတိကာ ၁

စကားချီး ၅

ကွန်လုံကျေးရွာသယံဇာတပြမြေပုံ၊ တောင်ကြီးမြို့နယ် ၁၀

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၁၁

(၁)နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွမ်းခြုံသက်ရောက်မှု

(၂)ကျေးရွာ၏ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃)ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၄

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄)ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၇

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၁

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၃

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၅

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၇

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၃၀

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၃၀

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ပန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁)စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၂

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ ၃၅

နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ

(၁)လူမှုစီးပွားရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂)ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ဇယား၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းစနစ်

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃က စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း များ

ဇယား ၂၃ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း

ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတက်မြောက်မှု' နှုန်း

ဇယား၃၁ ကျောင်းတက်နှုန်း

ဇယား၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား၃၄ အဖြစ်များသော ရောဂါများ

ဇယား၃၅ လွန်ခဲ့သော (၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

ဇယား၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား၃၇ သောက်သုံးရေရရှိမှု

ဇယား၃၈ အိမ်သာအမျိုးအစား

ဇယား၃၉ ကျား၊မကိစ္စရပ်ဆိုင်ရာ

ဇယား၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ

ဇယား၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာအခြေအနေ

ဇယား၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု

ဇယား၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို

အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ဘဏ္ဍာရေးနှစ်အင (၅)နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ကျေးရွာသူကျေးရွ သားများပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူ ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တ

ကြွကြွပဲ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေ
ဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်များကိုယခင်ကာလများ
ကစီစဉ် ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွ
သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်
ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွ
ကူညီပဲ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်
ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွ
ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် အချက်အလက်တို့၏ အရေးပါမှုကို သိရှိယုံသ
မကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများ
မှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်းအချက်အလက်များနှင့်နည်
ပညာပဲ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ
အတွက်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်း
ကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များ
ကိုသာအားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက် အလက
များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော
လုပ်ငန်းများသည်ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွ
နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစီး
ပေးရွေးချယ်ပေးမှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ် မူတည်၍ ပြုပြင်
ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆော
ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီ
ဌာန၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များ၊
ဆက်လက်ပဲ့ပိုးမှုများရရှိနိုင်မည့်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း
ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများ ကိုဆန်းစစ်သုံးသပ်ရ
နှင့် အကဲဖြတ်ရန်အတွက် ပဲ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအ
အစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မည့်အဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


စက်တင်ဘာလ၊ ၂၀၁၈ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွန်လုံကျေးရွာ


တောင်ကြီးမြို့နယ်

ကွန်လုံကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ




ရည်ညွှန်း တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၁၉၊ ဇွန်လ ၊၂၀၁၈ခုနှစ်)

ကွန်လုံကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



ရည်ညွှန်း တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၁၉၊ ဇွန်လ ၊၂၀၁၈ခုနှစ်)

ကွန်လုံကျေးရွာတွင်းအဖွဲ့အစည်းနှင့်ရွာပြင်ပအဖွဲ့အစည်းများဆက်သွယ်မှုပြပုံ



ရည်ညွှန်း တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၁၉၊ ဇွန်လ ၊၂၀၁၈ခုနှစ်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

(၁) နိဒါန်း ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်၍ တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သာ ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီ ဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤ အစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်

နှင့်၄င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာ ခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော၄င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၄င်းတို့အချင်းအချင်း ပေါင်းစည်းညှိနှိုင်းစီစဉ်စီစဉ်မှုများပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်ုပ်တို့ ကွန်လုံကျေးရွာသည် တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာအုပ်စုတွင်ပါဝင်ပြီး တောင်ကြီးမြို့မှ(၂၈)မိုင်ခန့်ကွာတွင်တည်ရှိပါသည်။ တောင်ကြီး-ရပ်စောက်ကားလမ်းဘေးတွင်တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောရွာဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကျောက်စုကျေးရွာ၊ အနောက်ဘက်တွင် ဘုရားနီကျေးရွာ ၊ မြောက်ဘက်တွင် သရက်ပင်ကျေးရွာနှင့် တောင် ဘက်တွင် လူရိုးတောင် ကျေးရွာတို့နှင့် ဆက်စပ်လျှက်ရှိပါသည်။ နွေရာသီတွင်ပူအိုက်သောရာသီဥတုရှိပြီး၊ ဆောင်းတွင်းတွင် အေးမြသည်။ မိုးရေချိန်လက်မ(၅၀) လက်မနှင့်အထက်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်များစွာအထောက်အကူပြုပါသည်။ လယ်မြေအနည်းငယ်သာရှိပြီး ယာမြေအသင့်အတင့်ရှိပါသည်။ စပါးကိုဝမ်းစာအတွက်သာ စိုက်ပျိုးကြပြီး၊ ပြောင်း၊ ကြက်သွန်ဖြူ၊ ဟင်းသီးဟင်းရွက်များကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် မြေပြန့်ချိုင့်ဝှမ်းတွင်တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာစိုက်ပျိုးရေးလုပ်ငန်းအတွက်အသုံးပြုနိုင်သော ယာမြေဧကများစွာရှိသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်စီးဆင်းလျက်ရှိသောချောင်းမှ ရေကိုအသုံးပြု၍ လယ်စပါး၊ ကြက်သွန်ဖြူစိုက်ပျိုးကြပါသည်။ မြေဆီသြဇာအသင့်အတင့်ရှိသဖြင့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းပါသည်။

စားကျက်မြေ အသင့်အတင့်ရှိပြီး ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ပါသည်။ တောင်ကြီးမြို့နှင့်အလှမ်းဝေးသော်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် စိုက်ပျိုးရေးထုတ်ကုန်များသယ်ယူပို့ဆောင်ရာတွင်လွယ်ကူပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စု(၁၈၂)စုရှိပြီး လူဦးရေပေါင်း(၉၃၃)ဦး ရှိပါသည်။ တစ်အိမ်ထောင်စုလျှင်ပျှမ်းမျှ လူဦးရေ (၅)ဦးခန့်ရှိပြီးဗမာ၊ ဓနု၊ပအိုဝ်း၊ရှမ်း၊ ဂေါ်ရခါး လူမျိုးများ နေထိုင်ကြပါသည်။ အသက်(၁၅)နှစ်မှ (၆၀)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၃၁)ဦးရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်ကောင်းမွန်သောအခြေအနေ ကောင်းများလည်းရှိပါသည်။ (၁၅)နှစ်အောက် လူဦးရေနှင့် အသက်(၆၄)နှစ်အထက် လူဦးရေစုစုပေါင်း(၁၉၂)ဦး သည်ပညာသင်ကြား နေသော ကလေးသူငယ်များနှင့် မိသားစုကို မှီခိုနေရသော အသက်ကြီးပိုင်း လူဦးရေများဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကွန်လုံကျေးရွာအုပ်စု၊ ကွန်လုံကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။ စပါး၊ ပြောင်း၊ကြက်သွန်ဖြူ၊ ဟင်းသီးဟင်းရွက် စသည့် သီးနှံ များကို အဓိကထားစိုက်ပျိုးကြပြီး ထောပတ်၊ သရက်စသည့် ဥယျာဉ်ခြံတို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ ထွက်ရှိလာသော သီးနှံများကို ကျေးရွာနှင့် (၃၀)မိုင် ခန့်ကွာဝေးသော တောင်ကြီးဈေးတွင် အဓိကသွားရောက်ရောင်းချ ကြပါသည်။ ထိုသို့သွားရောက်ရောင်းချရာတွင် ကား၊ထော်လာဂျီတို့ကိုအသုံးပြုကြပါသည်။

ကွန်လုံကျေးရွာသည် စီးပွားရေးအသင့်အတင့်ကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ ကျေးရွာအတွင်း အိမ်ခြေအနည်းငယ်သာ လယ်/ယာ၊ မော်တော်ကား၊ ဆန်စက်နှင့် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပြီး ကျန်အိမ်ခြေအချို့မှ မော်တော်ဆိုင်ကယ်များသာ ပိုင်ဆိုင်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ လယ်မြေဧက (၁၀) ဧကမှ (၁၅) ဧက ကြားပိုင်ဆိုင်ကြပြီး အသင့်အတင့်ပြေလည်သာ အိမ်ထောင်စုများမှ လယ်မြေဧက (၅)ဧက မ(၈)ဧကကြားခန့်သာ ပိုင်ဆိုင်ကြပါသည်။ ကျေးရွာအတွင်းရှိအိမ်ခြေအများစုမှာ မြေယာမဲ့ အိမ်များသာဖြစ်ကြပါသည်။ ၎င်းတို့သည် ကျဘမ်း၊လက်လုပ်လက်စားအိမ်ထောင်စုများဖြစ်ပြီး အလုပ်ပေါများသော မိုးရာသီတွင် တစ်နေ့ဝင် ငွေသည် (၆၀၀၀-၅၀၀၀)ကြားရရှိကြသည်။ နွေရာသီ အလုပ်ရှားပါးချိန်တွင် ဝင်ငွေမရှိသဖြင့် စားဝတ်နေရေးခက်ခဲကြသည်။ ပိုင်ဆိုင်မှုမမျှတသော အခြေအနေများရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကွန်လုံကျေးရွာတွင် အဆင်မပြေနှင့်အလွန်အဆင်မပြေသော အိမ်ထောင်စု (၅၁)စုရှိပါသည်။ ကျေးရွာတွင် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အဆင် ပြေသော အိမ်ထောင်စုများနှင့် အသင့်အတင့်ရှိသော အိမ်ထောင်စုများအနေဖြင့် ပြန်လည်ရုန်းထနိုင်သော အခြေအနေများရှိသော်လည်း အဆင်မပြေနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စုများအနေဖြင့် ထိခိုက်လွယ်မှု မှာစိုးရိမ်စရာရှိကြောင်းတွေ့ရှိရပါသည်။ (၆၄)နှစ်နှင့် အထက် သက်ကြီးရွယ်အိုများ ရှိကြပြီး အတူနေမိသားစုဝင်များမှစောင့်ရှောက်မှုပေးလျှက်ရှိပါသည်။ ဆင်းရဲပြီး အမျိုးသမီးဦးဆောင် အိမ်ထောင်စု အနည်းငယ်ရှိပြီး လယ်ယာလုပ်ငန်းတွင် အငှားလိုက် ခြင်းဖြင့်မိသားစုစားဝတ်နေရေး အဆင်ပြေအောင်ဆောင်ရွက်နေကြရပါသည်။ မြေယာမဲ့ မိသားစုများမှာ လက်လုပ်လက်စားများဖြစ်သဖြင့် စားဝတ်နေရေးနှင့် ပညာရေး၊ ကျန်းမာရေး အတွက် အခက်အခဲများစွာရှိနေပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ကာကွယ်ဆေးကိုပုံမှန်ထိုးနှံကြသဖြင့် ရောဂါကြီးကြီးမားမား ဖြစ်ပွား မှုမရှိပါ။ ကွန်လုံကျေးရွာတွင်အဖြစ်များသော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျှော ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးတိုးရောဂါ တို့ဖြစ်ကြပါသည်။ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ အာဟာရချို့တဲ့မှုနှင့် အခြားကူးစက်နိုင်သော ရောဂါများဖြစ် ပွားမှု အနည်းငယ်ရှိပြီး အသက်ရှုလမ်းကြောင်းကူးစက်ရောဂါ၊ လိင်မှတစ်ဆင့်ကူးစက် နိုင်သော ရောဂါများနှင့် အသည်းရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။ အခြားရာသီအလိုက် ရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ဖျားနာပါက လူရိုးတောင်ကျေးရွာရှိ ကျန်းမာရေးဌာနခွဲ သို့သွားရောက်ကုသနိုင်ပါသည်။ ရောဂါကြီးကြီးမားမား ဖြစ်ပေါ်ပါက(၃၀)မိုင်ခန့် ဝေးသည့် တောင်ကြီးမြို့ပေါ်ရှိ ဆေးရုံများ သို့သာသွားရောက် ကြပါသည်။ ကျေးရွာတွင် ဆေးဆိုင်ရှိသောကြောင့် လိုအပ်သောဆေးဝါးများ ရရှိနိုင် ပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှု

ကျေးရွာတွင် လုံးဝစာမတတ်သူ ဦးရေမှာ ကျား(၁၁)ဦး၊ မ(၄၇)ဦး၊ စုစုပေါင်း(၅၈)ဦး ရှိသည့်အတွက် အမျိုးသမီးစာမတတ်သူဦးရေ များပြား ကြောင်းတွေ့ရှိရပါ သည်။ မူလတန်းအဆင့် စာတက်မြောက်သူဦးရေမှာ (၂၃၉)ဦးရှိသော်လည်း ၄င်းလူဦးရေထဲမှ ပညာသင်ကြားနေဆဲ ကလေးသူငယ်(၁၂၈)ဦး

ပါရှိနေပါသည်။ ကျန်လူဦးရေမှာ ကျေးရွာအခေါ် (သေစာရင်စာ) တက်မြောက်ထားသူများသာ ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလယ်တန်းအဆင့် ပညာသင်ကြားတက်မြောက်သူ (၁၇၅)ဦး၊ အထက်တန်းအဆင့် ပညာသင်ကြား တက်မြောက်သူ (၇၆)ဦး၊ တက္ကသိုလ်/ ကောလိပ်ပညာ သင်ကြားတက်မြောက်သူ (၁၉)ဦးရှိပါသည်။ ကျေးရွာတွင် အလယ်တန်း ခွဲကျောင်း တစ်ခုရှိပြီးကျောင်းသား၊ကျောင်းသူများ လာရောက်ပညာသင်ကြားသည့် အတွက်ကျောင်းသားဦးရေ(၁၀၀)ကျော်ခန့်ရှိပြီး ဆရာ၊ ဆရာမဦးရေ(၁၀)ဦးမှ ပညာ သင်ကြားပေးနေပါသည်။ ကျေးရွာများရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အလယ်တန်း ပညာ ပြီးဆုံးပါကအထက်တန်းပညာကို တောင်ကြီးမြို့တွင်တက်ရောက် သင်ကြားရပါသည်။ သို့သော်အထက်တန်းပညာ သင်ကြားရာတွင်ပြင်ပအဆောင် နေစရိတ်ကြီးခြင်း၊ မိဘများ၏အဆင်မပြေမှု၊ ငွေကြေးမတက်နိုင်မှုများကြောင့် အလယ်တန်းပညာအဆင့် နှင့်သာအတန်းပညာပြီးဆုံးကြပြီး မိဘများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင်သာ ဝင် ရောက်လုပ်ကိုင်ကြပါသည်။ ဘွဲ့ရတက္ကသိုလ်အဆင့်ကျောင်းပြီးမြောက်သူ(၁၉)ဦးသည်ဝန်ထမ်းများအဖြစ် လုပ်ကိုင်သူနည်းကြပါသည်။ အလယ်တန်းအဆင့်ပညာသင်ကြားတက် မြောက်သူများမှာလည်း ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ဝင်ငွေနည်းပါးခြင်း၊လုပ်ခလစာနည်းပါးခြင်းတို့ကြောင့် [redacted] [redacted]

(စ) ကျား၊မဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးအများစုမှာ အလယ်တန်းပညာအဆင့်ဖြင့်သာ အတန်းပညာပြီးဆုံးခဲ့သော်လည်းအမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက်အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာအဆင့်တက်မြောက်မှုများပြားကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင်းအဖွဲ့အစည်းများအနေဖြင့် လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ငွေစုအဖွဲ့နှင့် မီးသတ်အဖွဲ့ တို့ဖွဲ့စည်းထားကြောင်းတွေ့ရှိရပါသည်။ သာရေး၊နာရေးကိစ္စများတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ကြသော်လည်း ကျေးရွာ အရေးကိစ္စများတွင် အမျိုးသမီးများပါဝင်ဆုံးဖြတ်မှုအားနည်းပါသည်။ အမျိုးသား၊ အမျိုးသမီးခွဲခြားဆက်ဆံမှုမရှိသော်လည်း အစဉ်အလာအရ အမျိုးသမီးများကို အုပ်ချုပ်ရေးကဏ္ဍအတွက် ရွေးချယ်ခြင်းမရှိပါ။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကွန်လုံကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်း၌ အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ငွေစုအဖွဲ့နှင့် မီးသတ်အဖွဲ့တို့ရှိပါသည်။ရပ်ရေးရွာရေးကိစ္စများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့များကအဓိကဦးဆောင်ဆောင်ရွက်ပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်မြေယာမြေဧက(၁၁၉၁)ဧကခန့် ရှိပြီး စပါး ၊ပြောင်း၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်စသည့်သီးနှံများ စိုက်ပျိုးကြပြီးမြေဆီလွှာအနေဖြင့် ဓါတ်မြေဩဇာများသုံးစွဲခြင်း၊ ပိုးသတ်ဆေးပေါင်းသတ်ဆေး များသုံးစွဲခြင်းတို့ကြောင့်ယခင်ကမြေဆီလွှာ အနေအထားထက်သင့်တင့်ယုံသာရှိပါသည်။ ဥယာဉ်ခြံမြေဧက(၉)ဧကရှိပြီး နှစ်ရှည်သီးနှံများဖြစ်သောထောပတ်၊သရက်စသည်များစိုက်ပျိုးရာတွင် ရာမြေဆီလွှာအနေဖြင့် သင်တင့်မှုရှိပါသည်။ စိုက်ပျိုးရာတွင်ဈေးကွက်မတည်ငြိမ်မှု၊ ရာသီဥတုမမှန်မှုများနှင့် ရင်ဆိုင်ရပါသည်။ ထိုအပြင်သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုများရှိနေသည့်အတွက် ပိုးသတ်ဆေးသုံးစွဲရာတွင်ပိုးသတ်ဆေး(အတု)ဝယ်ယူခြင်းစိုက်ပျိုးရာတွင် ဈေးကွက်မတည်ငြိမ်မှု၊ရာသီဥတုမမှန်မှုများနှင့်ရင်ဆိုင်ရပါသည်။ ထိုအပြင်သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုများရှိနေသည့်အတွက်ပိုးသတ်ဆေးသုံးစွဲရာတွင်ပိုးသတ်ဆေး(အတု)ဝယ်ယူမိခြင်း၊စနစ်တကျအသုံးပြုပုံနှင့်နိမ်နင်းရမည့်နည်းစနစ်များမသိရှိခြင်းတို့ကြောင့် နည်းစနစ်ကောင်းများနှင့်မှန်ကန်သောပိုးသတ်ဆေးများရရှိရေးတို့အတွက် လိုအပ်လျှက်ရှိပါသည်။ မွေးမြူရေးကဏ္ဍတွင် ကျွဲ၊နွား စားကျက် မြေ အသင့်အတင့်အသုံးပြုနိုင်သော အခြေအနေကောင်းများရှိပါသည်။ သို့သော် ကျေးရွာတွင်ဒေသဝက်များသာ မွေးမြူနေရခြင်း၊ အသားတိုးစနစ်တကျကျွေး နည်းမသိရှိခြင်း ၊ ရောဂါကျရောက်ခြင်းတို့ကြောင့် သားငါးကဏ္ဍဖွံ့ဖြိုးလာစေရေးအတွက်(ဝက်၊ ကျွဲ၊နွား၊ ကြက်) မွေးမြူနည်းစနစ်နှင့် ရောဂါကာကွယ်နည်း သင်တန်းပို့ချပေးနိုင် ရန်လိုအပ်လျှက်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းသည် ပြည်တွင်းနှင့်၊ နိုင်ငံရပ်ခြား(စင်ကာပူ၊ မလေးရှား၊ ထိုင်း)နိုင်ငံများသို့သွားရောက်လုပ်ကိုင်ကြသူများပြားသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိသဖြင့် ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်နိုင်သည့်အခွင့်အလမ်းရှိပါသည်။ စိုက်ဘဏ်နှင့် အဖွဲ့လိုက်ငွေစုအဖွဲ့တို့ရှိသဖြင့် ချေးငွေအထိုက်အလျောက် ရရှိပါသည်။ သို့သော် မြေယာမဲ့များနှင့်ဆင်းရဲသောတောင်သူ အိမ်ထောင်စုများအတွက် သက်သာသော အတိုးနှုန်းနည်းချေး ငွေအရင်းအနှီးများလိုအပ်လျှက်ရှိပါသည်။ အခြားအသက်မွေးဝမ်း ကျောင်းလုပ်ငန်းလုပ်ကိုင်ကြသူနည်းပါးပါသည်။

(ဃ)ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကို အဓိကအများဆုံးစိုက်ပျိုးလုပ်ငန်းကြသဖြင့် မြေဆီလွှာအရည်အသွေးမှာ ယခင်ကထက် နိမ့်ကျနေပါသည်။ထိုအပြင်ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများအလွန်အကျွံသုံးစွဲမိခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်လွယ်မှုအများဆုံးဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာတွင် သဘာဝအရင်းအမြစ်များအဖြစ် စိုက်ပျိုးမြေနှင့် ကျေးရွာအရှေ့ဘက်ရှိရေချောင်းသာရှိပါသည်။ သစ်တော နှင့် အခြားအရင်းအမြစ်များမရှိကြောင်းတွေ့ရပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင်ချေးငွေဝန်ဆောင်မှုပေးသောစိုက်ဘဏ်အဖွဲ့အစည်းလာရောက်မှု ရှိပါသည်။ ဆင်းရဲသောကျေးရွာသူ၊ကျေးရွာသားများသည် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေးတို့အတွက် ချေးငွေရရှိမှုအခက်ခဲများနှင့်ကြုံတွေ့ရပါက [redacted] အစုအဖွဲ့ချေးငွေမှ ငွေ(၁၀၀)ကျပ်လျှင် [redacted] နှုန်းဖြင့် ငွေချေးငှားနိုင်ပါသည်။သို့သော် ထိုချေးငွေမှာ အဖွဲ့ဝင်များသာချေးရပြီး အလှည့်ကျ ထုတ်ချေးနေရသောကြောင့် လိုအပ်သောအချိန်မရရှိပါ။ သက်သာသော အတိုးနှုန်း နည်းချေးငွေရရှိရေးလိုအပ်လျှက်ရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ပညာရေးအနေဖြင့်အခြေခံပညာအလယ်တန်းခွဲကျောင်းတစ်ကျောင်းရှိပါသည်။ ကွန်လုံကျေးရွာနှင့်အခြားရွာအနီးရှိကျေးရွာများမှလာရောက်ပညာသင်ကြားသူစုစုပေါင်းကျောင်းသားဦးရေ(၄၇၀)ကျော် ခန့်ရှိပါသည်။ ပညာရေး ဝန်ထမ်းအင်အား(၁၂)ဦးခန့်ရှိ၍ပညာသင်ကြားရာတွင် ဆရာ၊ ဆရာမဦးရေလုံလောက်မှု နှင့်ကျောင်းပရိဘောဂများပြည့်စုံမှုရှိပါသည်။ ဆရာ/ဆရာမများနေထိုင်အတွက် အဆောင်များ တည်ဆောက်ထားသော်လည်း လုံလောက်မှုမရှိသဖြင့် အချို့ဆရာမများမှာ အသွားအပြန်လုပ်နေရပါသည်။ ကျောင်းလုံခြုံရေးအတွက် ကျောင်းခြံစည်းရိုးလို အပ်ချက်များရှိပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းပညာ တတ်မြောက်သူများပြားကြသော်လည်း အထက်တန်းနှင့် တက္ကသိုလ်ပညာတက်မြောက် သူဦးရေ နည်းပါးပါသည်။ အထက်တန်းပညာတက်မြောက်ရန်အတွက် ကျောင်းသား/ သူများမှာ တောင်ကြီးမြို့ကျောင်းသို့တက်ရောက်ကြရပြီးအချို့ မတတ်နိုင်သော သူများသည် အလယ်တန်းပြီးပါကမိဘအလုပ်တွင်ဝင်ရောက်လုပ်ကူကြရပါသည်။ ကျေးရွာတွင် ပညာရေးအဆင့်အတန်းမြင့်မားလာစေ ရေးအတွက် ဆောင်ရွက်ရန် လိုအပ်လျှက်ရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးရွာဆေးပေးခန်းမရှိပါ။ သာမန်နေမကောင်းဖြစ်ပါကကျေးရွာနှင့်[redacted]နှ့်အကြားတွင်ရှိသော [redacted]တွင်ရင်း၊ ရောဂါပြင်းထန်ပါက(၃၀)မိုင်ခန့်အဝေးရှိ တောင်ကြီးမြို့သို့ သွားရောက်ကုသကြရပါသည်။ ကျေးရွာတွင် အသက်(၅)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်များအတွက် ကာကွယ်ဆေးလာရောက်ထိုးနှံပေးလျှက်ရှိပါသည်။

သောက်သုံးရေအတွက် [redacted]အဝီစီတွင်းမှ အသုံးပြုကြပါသည်။ နွေရာသီတွင်ရေလျော့နည်းခြင်း၊ တွင်းနှင့် အသုံးပြုသူအိမ်ထောင်စုမမျှခြင်းတို့ကြောင့် နွေရာသီတွင် သောက်သုံးရေခက်ခဲပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာ (ရေလောင်းအိမ်သာ) အသုံးပြုကြပါသည်ကိုတွေ့ရသော်လည်း စနစ်တကျအသုံးပြုရန်နှင့်ကျန်းမာရေး အသိပညာများသိရှိမှုအားနည်းလျှက်ရှိပါသည်။အဆင်ပြေသောအိမ်ထောင်စုများမှာအိမ်သာများကိုအုတ်ဖြင့်တည်ဆောက်ကြပြီး မတတ်နိုင်သူများကပျဉ် အိမ်သာများကို ဆောက်လုပ်ကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက်အားလပ်ချိန်တွင်အပန်းဖြေနိုင်စရာနေရာမရှိပါ။ လူငယ်အဖွဲ့ရှိပြီးသာရေးနာရေးပွဲများတွင် လူကြီးများနှင့်အတူ တက်တက်ကြွကြွပါဝင်ကူညီကြပါသည်။ မူးယစ်ဆေးဝါးအလွယ်တကူရနိုင်သဖြင့် လူငယ်များအတွက် အန္တရာယ်မြင့်မားကြောင်းတွေ့ရပါသည်။

(ဇ) အခြေခံအဆောက်အဦးများလက်လှမ်းမီမှု လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိရွာလည်လမ်းနှင့်ရွာတွင်းလမ်းမှာ ကျောက်ရောမြေသားလမ်း ဖြစ်ပါသည်။ တောင်ကြီးမြို့မှ ကျေးရွာသို့ သွားသည့်လမ်းမှာကတ္တရာလမ်းဖြစ်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေပါသည်။ သယ်ယူပို့ဆောင် ရေးအတွက်ဆိုင်ကယ် (၁၅၃)စီး၊ကား(၆)စီး၊ ထော်လာဂျီ (၂၁)စီးတို့ကိုအသုံးပြုကြပါသည်။

ကျေးရွာတွင်လျှပ်စစ်မီးရရှိပြီးအဆင်ပြေသောအိမ်ထောင်စု(၈၄)စုမှာ လျှပ်စစ်မီးအသုံးပြုနိုင်ကြပါသည်။ အဆင်မပြေသောအိမ်ထောင်စု(၉၃)မှာ ဆိုလာမီး အသုံးပြုကြပါသည်။ ဆိုလာမှာမိုးရာသီတွင် နေရောင်ခြည်ကောင်းစွာမရသဖြင့်မီးကောင်းစွာမရပါ။ ချက်ပြုတ်ရန် အတွက်ထင်းမီးကိုသာအဓိကသုံးစွဲနေရပါ သည်။

ကျေးရွာရှိ အိမ်ထောင်စုအားလုံးနီးပါးမှာ တယ်လီဖုန်း အသုံးပြုနိုင်ကြပါသည်။ ဆက်သွယ်ရေး ကွန်ယက်များအနေဖြင့် (တယ်လီနော၊ အောရီဒူး)လိုင်းများ အသုံးပြုရအဆင်ပြေပါသည်။ ဖုန်းဖြင့် အင်တာနက်သုံးစွဲကြသော်လည်း face book သာအသုံးပြုကြပြီးအခြားသတင်းအချက်အလက်များအသုံးပြုသူနည်းပါးသည်။ ကျေးရွာ လူငယ်များမှာ စာပေဖတ်ရှုမှုနည်းပါးလာကြသည်။ ကလေးလူငယ်များ အသိပညာ၊ အတတ်ပညာ နှင့်ဗဟုသုတများသိရှိမှုနောင့်နှေးနေပါ၍ အားလပ်ချိန်များတွင် စာပေဖတ်ရှုနိုင်ရေးတိုက်တွန်းနိုး ဆော်ရန်လိုအပ်ပါသည်။ စာအုပ်စာဖတ်ထောက်ပံ့ပေးရန်လည်းလိုအပ်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာအတွင်းမှုခင်းဖြစ်ပွားမှုကြီးကြီးမားမားမရှိ၍တည်ငြိမ်အေးချမ်းမှုရှိပါသည်။ အရေးပေါ်ပေါ်ပေါက်လာပါက ရဲစခန်းသို့ အလွယ်အတူချိတ်ဆက် ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာအတွင်း အမျိုးသမီးများအား အကြမ်းဖက်ခံရမှုများလည်းမရှိပါ။

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံစိုက်ပျိုးရေးအတွက် ကောင်းမွန်သော မိုးရွာသွန်းမှုပုံစံရှိခြင်း၊ သီးနှံစုံဖြစ်ထွန်းနိုင်သော အပူချိန်၊ သဘာဝပတ်ဝန်းကျင် စသည့်ရာသီဥတု အခြေအနေကောင်းများရှိခြင်းကြောင့်ဈေးကွက်ဝင်သီးနှံစုံစိုက်ပျိုးထုတ်လုပ်နိုင်သောအလား အလာကောင်းများရှိပါသည်။ ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စပါး၊ကြက်သွန်ဖြူ၊ ပြောင်းဖြစ်ပြီး [redacted] သီးနှံပွဲရုံများတွင် သီးနှံရောင်းဝယ်ဖောက်ကားကြပါသည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သဖြင့် ၊ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုများ ရရှိရန် ခက်ခဲမှုမရှိသော ကျေးရွာ ဖြစ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများမှာလည်း ဘိုဘွားစဉ်ဆက် စိုက်ပျိုးရေးကို သာလုပ်ကိုင်ခဲ့သောဒေသဖြစ်သည့်အလျောက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ကျွမ်းကျင်မှု ရှိကြပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် သဘာသယံဇာတများဖြစ်သည့် ကုန်းမြင့်ယာ မြေနှင့် ဥယျာဉ်ခြံများစိုက်ပျိုးနိုင်သည့် မြေသယံဇာတများရှိခြင်း၊ သီးနှံထုတ်လုပ်ရေးနှင့် တိရိစ္ဆာန်မွေးမြူရေးတို့ လုပ်ကိုင်မည်ဆိုပါက လုပ်ကိုင်နိုင်မည်အခြေအနေကောင်းများ လည်းရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နှင့် နီးစပ်သည့် ကျေးရွာဖြစ်သည့်အတွက်ဒေသအနေအထားအရကျယ်ပြန့်သောဈေးကွက်သို့လမ်းပန်း ဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကောင်းများအားလက်လှမ်းမီမှုအခြေ အနေကောင်းများလည်းရှိပါသည်။

(ခ)အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

သီးနှံစုံစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဟန့်အတားတစ်ခုမှာ ရာသီဥတု ပြောင်းလဲမှုအရ သစ်တောပြုန်းတီးလာခြင်း၊ မိုးခေါင်မှုများကြုံ တွေ့လာရခြင်း၊ တစ်နှစ်ပတ်လုံးသီးပင်စားပင်များစိုက်ပျိုးနိုင်ရေးအတွက်စိုက်ပျိုးရေရှိရေး အစီ အစဉ်များရှာဖွေဖော်ထုတ်ရန်လိုအပ်ပါမည်။

သီးနှံများရိတ်သိမ်းချိန်တွင် သီးနှံများ လှိုင်လှိုင်ထွက်ရှိသော်လည်း ရောင်းချချိန် တွင် ပွဲစားများ၏ ဈေးကစားခြင်း၊ ဈေးကွက်အတက်အကျရှိခြင်း၊ ဈေးနှုန်းမကောင်း ခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ် နေပါသည်။ ဈေးနှုန်းကောင်းလာချိန်မှ ရောင်းရန် ဆန္ဒရှိသော်လည်း စိုက်ပျိုးစရိတ်အား

ပွဲစားများထံတွင် ကြိုတင်ငွေရယူထားခြင်းကြောင့် အတိုးတက်မည်စိုး၍ ဈေးမကောင်းသော်လည်း ရောင်းချခဲ့ရပါသည်။

ကျေးရွာရှိ ဝင်ငွေနည်းသော မိသားစုများမှ သီးနှံစိုက်ပျိုးစရိတ်၊ တိရိစ္ဆာန်မွေးမြူစရိတ်၊အသေးစားလုပ်ငန်းငယ်များတည်ထောင်လည်ပတ်လုပ်ကိုင်ရန် စရိတ်တို့အတွက် သင့်လျော်သောချေးငွေ၊ ငွေကြေးဝန်ဆောင်မှုမရရှိခြင်းမှာလည်း ကျေးရွာလူထုဖွံ့ဖြိုးရေးအတွက်အဟန့်အတားဖြစ်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ ဒေသတွင်းဌာနဆိုင်ရာများမှကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အနေဖြင့်လာရောက်ကူညီဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာလူထု၏လိုအပ်ချက်များအား ထိရောက်စွာဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ်မျိုးဖြစ်ရန်လိုအပ်လျှက်ရှိပါသည်။

မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါကလည်း သမရိုးကျမွေးမြူနည်းသာ သိရှိသောကြောင့် ကြီးထွားမှုနောက်ကျခြင်းနှင့် စနစ်တကျမွေးမြူနည်းမသိရှိခြင်း၊ ရောဂါကျရောက်ခြင်း တို့ကြောင့်စီးပွား ဖြစ်မွေးမြူရန်နှင့် အကျိုးအမြတ်ရရှိရန် အဟန့်အတားတစ်ရပ်ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင်

ကျွန်ုပ်တို့ကျေးရွာသူ၊ကျေးရွာသားများသည်ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်မှန်းချက်များချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သော အဖွဲ့နှင့်တိုင်ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်

(၁) ကျေးရွာလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာမီးလင်းရေးနှင့် ကျေးရွာ အခြေခံအဆောက်အဦးများဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာရေး၊

(၂) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းနှင့် အခြားဝင်ငွေရသောလုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရေး ၊

॥ ८८०७ ८८८ ८८८ ८८८

(၅) သက်ဆိုင်ရာဌာနများ၏ အကူအညီကို ရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာများတိုးတက်လာရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှုတိုးတက်လာရေးအတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားသက်ဆိုင်ရာ ကော်မတီတို့ ပူးပေါင်းရေးဆွဲ အကောင်အထည်ဖော်မည်။

(၆) မြေဆီလွှာထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ရှိသဘာဝပေါက်ပင်နှင့် သစ်တောများပြုန်းတီးမှုလျော့ချရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ အကူအညီယူ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်တန်းများရယူခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများနိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များကို ရည်နီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် တာဝန်ယူဆောင်ရွက်သည့် အကြံပေးအဖွဲ့တို့၏ အကြံပြုချက်များအရ ဤ အခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည်ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(၇) ကျေးရွာဖွံ့ဖြိုးရေးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ချိတ်ဆက်မှုများ

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ ဦးစားပေးလုပ်ငန်းစီမံချက်အစီအစဉ်အားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များပါဦးစားပေးလုပ်ငန်းစီမံချက်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စီစစ်ဆောင်ရွက်သွားပါမည်။ အရေးကြီးသည့်အချက်မှဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာလူထုအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ဈေးကွက်ဝင်နှစ်ရှည်သီးနှံပင်များစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးရေး ယင်းသီးနှံ များအားသမရိုးကျမဟုတ်ပဲ သိပ္ပံနည်းကျစိုက်ပျိုးထုတ်လုပ်ရေး၊ ထွက်ကုန်သီးနှံများအား ထုတ်ပိုးမှု၊သိုလှောင်သိမ်းဆည်းမှုဆိုင်ရာ အသုံးပြုမှုနည်းပညာနှင့် နည်းစနစ်များဖော်ပြပါထုတ်ကုန်များအား ကုန်ချောထုတ်လုပ်မှုဆိုင်ရာနည်းပညာများစသည်တို့တတ်ကျွမ်းနားလည်ရေးနှင့်အသုံးချနိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှု များလိုအပ်ပါသည်။ အလားတူပင် မွေးမြူရေးကဏ္ဍတွင်လည်း တိရိစ္ဆာန်ရောဂါကာကွယ်ကုသရေးတနိုင်တပိုင်မွေးမြူရေးစနစ်ဖြင့် မွေးမြူနည်းများ၊ကျွမ်းကျင်မှုဆိုင်ရာနည်းပညာများလည်းလိုအပ်ပါမည်။ မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဖော်ပြပါ ကိစ္စရပ်များအတွက် ကျေးရွာလူထု၏ လိုအပ်ချက်များအားထိရောက်စွာ ကူညီပံ့ပိုးပေးနိုင်မည့် အစီအစဉ်များ လိုအပ်ပါမည်။

(ဂ) ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရန်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေး

မြို့နယ်အဆင့်တွင်အသေးစားနှင့်အလတ်စားစီးပွားရေး ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးမှသာ ကျေးရွာထုတ်ကုန်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ အတွက် ကုန်စည်စီးဆင်းမှုများကောင်းမွန်မည်ဖြစ်ပါသည်။ထို့ကြောင့်သီးနှံထုတ်လုပ်ရေး၊ ထုတ်ကုန်များ သိုလှောင်ရေး၊ ရောင်းဝယ်ဖောက်ကားရေးတို့အတွက်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးရန် အခြေအနေကောင်းများ ဖန်တီးနိုင်မည့်မူဝါဒများ လိုအပ်ပါသည်။

(ဃ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

အစိုးရဘဏ်လုပ်ငန်း၊ ပုဂ္ဂလိကဘဏ်လုပ်ငန်းများကိုလည်း အဆင်မပြေသောတောင်သူနှင့်ဝင်ငွေအသင့်အတင့်ရှိသောတောင်သူ၊ ဝင်ငွေအလယ် အလတ်ရှိ သောတောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် နည်းစနစ်များကို ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်ယာစိုက်ပျိုးရေး လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များသည်စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေမည့်နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိလာအောင် အောက်ခြေအထိ

လုပ်ကိုင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ယခုရေးဆွဲထားသော စီမံကိန်းငါးနှစ်တာ ကာလ ကျော်လွန် ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အဆိုပါ စီမံချက်များသည် ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထုနှင့် ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် စီစစ်ရေးဆွဲထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပါ၊ ကျေးရွာလူထု အနေဖြင့်စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှု(၂)နှစ်၊(၃)နှစ် ကာလကျော်လွန်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်းဦးစားပေး လုပ်ငန်းများထပ်မံဖော်ထုတ်လုပ်ဆောင်ရန်လိုအပ်လာပါမည်၊ ဆိုးရွားသော သဘာဝဘေးအန္တရာယ်ကျရောက်မှုများ မရှိခဲ့လျှင်ငါးနှစ်တာဖွံ့ဖြိုးရေးစီမံချက်သည်ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်းကျေးရွာ၏အမှန်လိုအပ်ချက်အရ စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။ ထို့ကြောင့် ဤကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကိုပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ ကျေးရွာတွင် ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် ဘတ်ဂျက်များပေါ်မူတည်၍ စီမံချက်ပါ ဦးစားပေးအစီအစဉ်များ ကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ကျေးရွာ၏ငါးနှစ်တာအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ဦးစားပေးစီမံချက်

ကျွန်ုပ်တို့ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းကောင်းစဉ်များ ထွက်ပေါ်လာပါမည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား၊ ကျေးရွာသူ အုပ်စု(၅)အုပ်စုရှိ အဖွဲ့ဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာပိုင်ဆိုင်ရာနှင့် ငွေကြေးအသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	စီမံချက်အကြောင်းအရာ ဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေးကဏ္ဍ					
	စိုက်ပျိုးရေးလုပ်ငန်းများမှဝင်ငွေတိုးတက်ရရှိရေး	၂၀ ၃၁	၁၃ ၇	-စိုက်ပျိုးရေးနည်းပညာသင်တန်း -အတိုးနှုန်းသက်သာသောချေးငွေ	
တိရစ္ဆာန်မွေးမြူရေး					
	မွေးမြူရေးနည်းပညာများတိုးတက်စေရေး	၂၉	၉	တိရစ္ဆာန်ရောဂါကာကွယ်ရေးနည်းပညာသင်တန်း၊ ကာကွယ်ဆေး အစီအစဉ်	
စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ					
	စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ နှင့်အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၃၀	၈	အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများ	

ပညာရေး ကဏ္ဍ					
	ကျေးရွာစာသင်ကျောင်း အခြေခံအဆောက်အဦ နှင့် အသုံးအဆောင် ပစ္စည်းများဖြည့်သွင်း ခြင်း	၄၃	၁	-စာသင်ခုံပရိဘောဂ -ဆရာ/ ဆရာမများဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း -ကျောင်းခြံစည်းရိုးကာရံခြင်း	
	ကျောင်းတက်နှုန်းပညာ အရည်အသွေးတိုးတက် လာစေရေး	၃၉	၃	-အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခြင်း	
အခြေခံအဆောက်အဦ					
	ကျေးရွာဘက်စုံသုံးခန်းမ	၃၀	၈	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	
ကျေးလက်ေေပေးရေး	သောက်သုံးရေဖူလုံစေရန် ဆောင်ရွက်ခြင်း	၃၆	၄	-စက်ရေတွင်းတူးဖေါ်ခြင်း	
ကဏ္ဍ/ ကဏ္ဍခွဲ	**စီမံချက်**	**ရမှတ်ပေါင်း**	**ဦးစားပေးအဆင့်**	**စီမံချက်အကြောင်းအရာ ဖော်ပြချက်**	**မှတ်ချက်**

လျှပ်စစ်					
	အိမ်တိုင်းလျှပ်စစ်မီးသုံးစွဲနိုင်ရေး	၃၄	၅	-လျှပ်စစ်မီးသွယ်ခြင်း	
လူငယ်နှင့်အားကစား					
	မူးယစ်အန္တရာယ်ကင်းစင်ရေး	၄၀	၂	မူးယစ်အန္တရာယ်ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊စည်းကမ်းထုတ်ခြင်း၊	
	လူငယ်များအသိအမြင်ဗဟုသုတတိုးမြင့်စေရေး	၃၂	၆	စာပေဟောပြောပွဲများဆောင်ရွက်ပေးခြင်း၊ ကျောင်းစာကြည့်တိုက်တည်ဆောက်ခြင်း	
	အမျိုးသမီးများအလုပ်အကိုင်အခွင့်အလမ်းတိုးလာစေရေး၊	၂၃ ၂၈	၁၁ ၁၀	အမျိုးသမီးအဖွဲ့ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုဆိုင်ရာ ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း	

(ဂ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုမှ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များ အားအခြေခံ၍ရေးဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုလည်းနှစ်စဉ် ပြုပြင်ရေးဆွဲသွားပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကိုအောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

ကွန်လုံကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
နှစ်အလိုက်ဦးစားပေးစီမံချက်များ

စဉ်	စီမံချက်/လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	စိုက်ပျိုးရေးနည်းပညာသင်တန်း	၁၃	✓	✓	✓	✓	✓
၂	အတိုးနှုန်းသက်သာသောချေးငွေ	၇		✓			
၃	တိရစ္ဆာန်ရောဂါကာကွယ်ရေးနည်းပညာသင်တန်း၊ ကာကွယ်ဆေး အစီအစဉ်	၉	✓	✓	✓	✓	✓
၄	အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများ	၈	✓	✓	✓	✓	✓
၅	စာသင်ခုံပရိဘောဂ၊ဆရာ/ ဆရာမများဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ကျောင်းခြံစည်းရိုးကာရံခြင်း	၁	✓				
၆	အထက်တန်းအဆင့်သို့တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန် ဆောင်ရွက်ခြင်း	၃		✓			
၇	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၈	✓				
၈	စက်ရေတွင်းတူးဖော်ခြင်း	၄		✓			
၉	လျှပ်စစ်မီးသွယ်ခြင်း	၅	✓				
၁၀	မူးယစ်အန္တရာယ်ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊စည်းကမ်းထုတ်ခြင်း	၂	✓	✓	✓	✓	✓
၁၁	ကျောင်းစာကြည့်တိုက်တည်ဆောက်ခြင်း၊စာပေဟောပြောပွဲများဆောင်ရွက်ပေးခြင်း၊	၆	✓		✓		
၁၂	အမျိုးသမီးအဖွဲ့ဖွဲ့စည်းခြင်း၊	၁၁	✓				
၁၃	လူကုန်ကူးမှုဆိုင်ရာပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း	၁၀	✓	✓	✓	✓	✓

